၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၂ ရက်

**ကုလသမဂ္ဂအထွေထွေညီလာခံမှ ကုလသမဂ္ဂအထူးသံတမန်၏ လုပ်ပိုင်ခွင့်အာဏာကို ရုပ်သိမ်းရန်**

*ကုလသမဂ္ဂအထူးသံတမန်မှ စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံမှုကို အရပ်ဘက်လူထုအဖွဲ့အစည်းများက ကန့်ကွက်ရှုတ်ချလိုက်သည်။*

ကုလသမဂ္ဂအထွေထွေညီလာခံအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်၏ လုပ်ပိုင်ခွင့်အာဏာကို ပြန်လည်ရုပ်သိမ်းရန် အောက်တွင်လက်မှတ်ရေးထိုးထားသော မိမိတို့ အဖွဲ့အစည်း ၈၆၄ ဖွဲ့က တောင်းဆိုလိုက်သည်။ မြန်မာနိုင်ငံအတွင်း ဆိုးရွားလှသော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းကို ဖြေရှင်းရန်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် (UN Secretary-General) အနေဖြင့် ၎င်းကိုယ်တိုင် မြန်မာနိုင်ငံနှင့်ပတ်သက်သော အခန်းကဏ္ဍတစ်ခု တာဝန်ယူပြီး တိကျပြတ်သားသော အရေးယူဆောင်ရွက်မှု လုပ်ဆောင်ခြင်းဖြင့် ၎င်း၏ ကတိကဝတ်ကို ပြသရန် မိမိတို့မှ တောင်းဆိုလိုက်သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၆ မှ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သော လက်ရှိကုလသမဂ္ဂအထူးသံတမန် (UN Special Envoy – UNSE) ဖြစ်သည့် နိုလင်ဟေဇာ၏ ပထမဦးဆုံးခရီးစဉ်သည် ကုလသမဂ္ဂမှ ဆယ်စုနှစ်များစွာတိုင် ခန့်အပ်ထားရှိလာခဲ့သော ဤရာထူးလုပ်ပိုင်ခွင့်၏ ထိရောက်မှုမရှိသည့် ချဉ်းကပ်မှု သမိုင်းအစဉ်အလာနှင့် ဆက်လက်ကျရှုံးနေမှုကို ဖော်ပြသည့် နောက်ဆုံးသာဓကတစ်ခုပင် ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအရေးအပေါ် ၎င်း၏သမားရိုးကျ ချဉ်းကပ်ပုံကို အဆုံးသတ်ရမည်။ ရှည်လျားလှသော သမိုင်းအစဉ်အလာအရ ကုလသမဂ္ဂ၏ အထူးသံတမန်များမှတစ်ဆင့် မြန်မာစစ်တပ်နှင့် ငြိမ်းချမ်းရေးအကျိုး ဆောင်ရွက်ရန် ကြိုးပမ်းမှုများသည် အဓိပ္ပါယ်ရှိသောရလဒ်များ မည်သည့်အခါမျှ ဖြစ်ပေါ်လာခဲ့ခြင်း မရှိသည့်အပြင် နိုင်ငံတကာရာဇဝတ်မှုများအား ချိုးဖောက်ကျူးလွန်နေသူများကို တရားဝင်မှုပေးရာရောက်နေပြီး လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများကို ပို၍ပင် ဆိုးရွားနေစေသည်။

စစ်အုပ်စုအပေါ် အချိန်ပေး-စောင့်ကြည့်မည့် ကုလသမဂ္ဂအထူးသံတမန်နှင့် ကုလသမဂ္ဂ၏ လက်ရှိချဉ်းကပ်ပုံသည် မည်သည့်ရလဒ်မှ ထွက်ပေါ်လာခြင်း ရှိမည်မဟုတ်ကြောင်းကို ဆယ်စုနှစ်များစွာကတည်းက အထင်အရှား သက်သေပြခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ယင်း "ခရီးစဉ်များ" နှင့် "တွေ့ဆုံဆွေးနွေးမှုများ" သည် စစ်တပ်ကို ပိုမိုအတင့်ရဲလာစေသည့်အပြင် လက်ရှိတရားမဝင်စစ်အုပ်စုမှ အရပ်သားပြည်သူများအပေါ် တိုးမြှင့်လုပ်ဆောင်လာနေသည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ဆက်လက်၍ပင် ကျူးလွန်စေလိမ့်မည် ဖြစ်သည်။ ယင်းမှာ လက်ရှိမြန်မာပြည်သူများ၏ ညီညွတ်သော ရှန်းကန်တိုက်ပွဲဝင်မှုကို

ထိခိုက်ပျက်ပြားစေသဖြင့် ကုလသမဂ္ဂသည် ၎င်း၏ "မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရ" ဟူသော မူကို ဖောက်ဖျက်ရာလည်း ရောက်သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်မည့် ကုလသမဂ္ဂအထွေထွေညီလာခံ (UN General Assembly – UNGA) အစည်းအဝေးတွင် UNGA နှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂ အထူးသံတမန်၏ လုပ်ပိုင်ခွင့်အာဏာကို ရပ်တန့်ရန် မိမိတို့မှ တောင်းဆိုလိုက်သည်။ ထို့အပြင် UNGA အနေဖြင့် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေးကို အဓိကထားသည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်နှင့် မြန်မာပြည်သူလူထု၏ ဆန္ဒနှင့် တောင်းဆိုချက်များကို ထင်ဟပ်သည့် တိကျခိုင်မာသော အရေးယူဆောင်ရွက်မှုများ စီစဉ်လုပ်ဆောင်ရမည်။

အကြမ်းဖက်စစ်အုပ်စုက တစ်နိုင်ငံလုံးအပေါ် ကျူးလွန်ခဲ့သည့် နိုင်ငံရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းနှင့်ပတ်သက်၍ ဖြေရှင်းချက်တစ်ခုအဖြစ် လက်ရှိ ကုလသမဂ္ဂအထူးသံတမန်က အဆိုပြုခဲ့သော အာဏာခွဲဝေမှု ညှိနှိုင်းရေး အဆိုပြုချက်ကို အရပ်ဘက် လူထုအဖွဲ့အစည်းများက ယခင်ကတည်းကပင် ငြင်းဆိုခဲ့ပြီး ဖြစ်သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနှင့် ဧပြီလအတွင်း ကုလသမဂ္ဂအထူးသံတမန်နှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ တွေ့ဆုံဆွေးနွေးမှုများတွင် အရပ်ဘက်လူထုအဖွဲ့အစည်းများက တင်ပြခဲ့သည့် စစ်တပ်၏ပါဝင်ပတ်သက်မှု ကင်းစင်ပြီး စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီလိုလားသည့် မြန်မာပြည်သူလူထု၏ ဆန္ဒနှင့် မျှော်မှန်းချက်များအား ထင်ဟပ်သော အဓိကကျသည့် အကြံပြုတိုက်တွန်းချက်များကို ကုလသမဂ္ဂအထူးသံတမန်အနေဖြင့် ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့မှုအပေါ် မိမိတို့မှ အံ့ဩတုန်လှုပ်မိပါသည်။

ကုလသမဂ္ဂအထူးသံတမန်၏ လက်ရှိလုပ်ပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံ၏ အကြပ်အတည်းကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် တိကျပြတ်သားမှု မရှိခြင်းနှင့် လုံလောက်မှု မရှိသည့်အတွက် ယင်း လုပ်ပိုင်ခွင့် အာဏာကို "တာဝန်ယူမှု တာဝန်ခံမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ရှိလာစေရေးအတွက် အလေးပေးလုပ်ဆောင်နိုင်သည့် ပြုပြင်ပြောင်းလဲမှုနှင့် ပိုမိုကောင်းမွန်သော မွမ်းမံမှု လုပ်ဆောင်ရန်" ကိုလည်း အရပ်ဘက်လူထုအဖွဲ့အစည်းများက ထိုတွေ့ဆုံဆွေးနွေးမှုအများအတွင်း တောင်းဆိုထားခဲ့ပြီး ဖြစ်သည်။ လက်ရှိကုလသမဂ္ဂအထူးသံတမန်၏ လုပ်ပိုင်ခွင့်အာဏာသည် ရိုဟင်ဂျာအကြပ်အတည်းကို ဖြေရှင်းရန် UNGA ၏ ၂၀၁၇ ခုနှစ် ၇၂ ကြိမ်မြောက်အစည်းအဝေးတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ယင်းသည် လက်ရှိအကြပ်အတည်း၏ အတိုင်းအဆနှင့် ခက်ခဲရှုပ်ထွေးမှုကို ထင်ဟပ်နိုင်ခြင်း မရှိပါ။ ကုလသမဂ္ဂအထူးသံတမန်သည် ထိုအဓိကကျသော အကြံပြုတိုက်တွန်းချက်များကို အသိအမှတ်ပြုရန် သို့မဟုတ် အရေးယူလုပ်ဆောင်ရန် ပျက်ကွက်ခဲ့သဖြင့် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို အချည်းအနှီး ဖြစ်စေခဲ့သည်။

စစ်အုပ်စုက နိုင်ငံတကာအသိုင်းအဝိုင်းထံမှ တရားဝင်မှုရရှိရေး ကြိုးပမ်းရာတွင် စစ်အုပ်စုနှင့် တွေ့ဆုံရန် အဆိုပြုခဲ့သည့် ကုလသမဂ္ဂအထူးသံတမန်၏ နေပြည်တော်ခရီးစဉ်များသည် အသုံးချခြယ်လှယ်ခံ ဖြစ်လာနိုင်သကဲ့သို့ စစ်အုပ်စုကိုလည်း ပိုမို၍ပင် အတင့်ရဲလာစေမည်ဖြစ်ကြောင်း အရပ်ဘက်လူထု အဖွဲ့အစည်းများက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို အလေးပေးဆွေးနွေးထားခဲ့ပြီးလည်း ဖြစ်သည်။ ယင်းသွားရောက်တွေ့ဆုံမှုများက စစ်အုပ်စုကို ကုလသမဂ္ဂမှစ၍ နိုင်ငံတကာအသိုင်းအဝိုင်းကပါ အသိအမှတ် ပြုလက်ခံသည့် အသွင်သဏ္ဌာန်ကို ပေးလိမ့်မည် ဖြစ်သည်။ လတ်တလော သွားရောက်ခဲ့သည့် ကုလသမဂ္ဂ အထူးသံတမန်၏ ခရီးစဉ်မတိုင်မီ မိမိတို့အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်မှု လုပ်ဆောင်ခဲ့ခြင်း မရှိကြောင်း မှတ်သားလိုပါသည်။

မိမိတို့ ကြိုတင်သတိပေးခဲ့မှုနှင့် မျှော်လင့်ထားခဲ့သည့်အတိုင်းပင် စစ်အုပ်စုက ကုလသမဂ္ဂ အထူးသံတမန်နှင့် ၎င်းတို့တွေ့ဆုံခဲ့မှုကို "လက်ရှိမြန်မာနိုင်ငံအစိုးရ" နှင့် တရားဝင်တွေ့ဆုံမှု ဖြစ်သည့်အလား စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်နှင့် အထူးသံတမန်တို့ လက်ဆွဲနှုတ်ဆက်နေသည့် ဓာတ်ပုံများကို ဩဂုတ်လ ၁၇ ရက်နေ့တွင် ထုတ်ဖော်ပြသပုံဖော်ခဲ့သည်။ ကုလသမဂ္ဂအနေဖြင့် အထူးသံတမန်အား စစ်အုပ်စုမှ ၎င်း၏ ဝါဒဖြန့်ချိရေး အတွက် အသုံးချခွင့် ပြုခဲ့မှုအပေါ် ဖြစ်ပေါ်လာနိုင်သော ကုလသမဂ္ဂ၏ ပုံရိပ်ဆိုင်ရာ ပျက်စီးယိုယွင်းမှု ပြန်လည်ပြင်ဆင်ရေးကို လုပ်ဆောင်ရမည် ဖြစ်သည်။

လက်ရှိဖြစ်ပွားနေသော အကြပ်အတည်းကို ဖြေရှင်းရန် သက်ဆိုင်သူများအားလုံး ပါဝင်မှုရှိသည့် လုပ်ငန်းစဉ်တစ်ခုဖော်ဆောင်ရေးကို ကုလသမဂ္ဂအထူးသံတမန်က ကတိကဝတ်ပြုထားသော်လည်း ၎င်း၏ ထုတ်ပြန်ချက်ထဲတွင် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government - NUG) ကို ထည့်သွင်းဖော်ပြခြင်း မရှိသည်ကို သတိပြုမိရာ မိမိတို့မှ အလွန်ပင် စိတ်ပျက်မိပါသည်။ ဇူလိုင်လအတွင်း နိုင်ငံရေးအကျဉ်းသားလေးဦးကို ကွပ်မျက်ခဲ့ပြီး ၎င်းမှ မြန်မာနိုင်ငံသို့ မလာရောက်မီ နှစ်ရက်အလိုတွင် ဒေါ်အောင်ဆန်းစုကြည်ကို နောက်ထပ်ထောင်ဒဏ် ခြောက်နှစ် ချမှတ်ခဲ့ပြီးသည့်အချိန်မှာပင် စစ်အုပ်စုနှင့် ရည်ရွယ်ချက်ရှိရှိ လာရောက်တွေ့ဆုံခဲ့သည့်အပေါ် မိမိတို့မှ စိုးရိမ်ပူပန်မိပါသည်။ ကုလသမဂ္ဂအထူးသံတမန်၏ ခရီးစဉ်သည် အဆိုပါရာဇဝတ်မှုများ လျော့နည်းပပျောက် သွားစေခြင်းနှင့် အပြစ်ပေးအရေးယူခံရခြင်း တို့မရှိစေရုံသာမက ၎င်း၏ “အချိန်ပေး-စောင့်ကြည့်” မည့် ချဉ်းကပ်မှုကို ဆက်လက်ထိန်းထားခြင်းသည် စစ်အုပ်စုက မြန်မာပြည်သူလူထုအပေါ် သက်ညှာမှုမရှိဘဲ လုပ်ဆောင်နေသည့် အကြမ်းဖက်ရေးလှုပ်ရှားမှုများနှင့် ရက်စက်ကြမ်းကြုတ်လှသည့် ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်လုပ်ဆောင်နိုင်စေရန် ကုလသမဂ္ဂမှ လိုလိုလားလား လုပ်ဆောင်ခွင့် ပြုထားခြင်းသာ ဖြစ်ကြောင်း ဖော်ပြနေသည်။

ထို့အပြင် ကုလသမဂ္ဂအထူးသံတမန်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်တင်မြှောက်ခံထားရသော အကျဉ်းကျခံနေရသည့် အခြား လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံနိုင်ခြင်း မရှိခဲ့ပေ။ တစ်ချိန်တည်းတွင်ပင် စစ်အုပ်စု၏ အာဏာလုရေး ကြိုးပမ်းမှု ကျရှုံးနေခြင်းကြောင့် ဆောက်တည်ရာမရဖြစ်ရာမှ ကျူးလွန်သော စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများ ဖြစ်နိုင်ခြေရှိသည်ဟု ကုလသမဂ္ဂကိုယ်၌က တွေ့ရှိထားသည့် ကြောက်မက်ဖွယ် နိုင်ငံတကာရာဇဝတ်မှုများကြောင့် ဖြစ်ပေါ်သော လက်ရှိအကြပ်အတည်း၏ မူလဇစ်မြစ်ကို ကုလသမဂ္ဂအထူးသံတမန်မှ အသိအမှတ်ပြုရန် အကြိမ်ကြိမ် ပျက်ကွက်နေမှုက အလွန်အမင်းစိုးရိမ်ဖွယ် ဖြစ်ပါသည်။ ထို့အပြင် လက်ရှိဆက်လက်ဖြစ်ပွားနေသော လေကြောင်းတိုက်ခိုက်မှုများနှင့် အရပ်သားများအပေါ် ပြင်းထန်သော စစ်ရေးတိုက်ခိုက်မှုများ အပါအဝင် အခြားအရေးကြီးကိစ္စရပ်များကို ကုလသမဂ္ဂအထူးသံတမန်၏ ထုတ်ပြန်ကြေညာချက်တွင် ထည့်သွင်း ဖော်ပြခြင်း မရှိနေသည်ကိုလည်း သတိပြုမိပါသည်။ ကုလသမဂ္ဂအထူးသံတမန်မှ အရပ်ဘက်လူထု အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံစဉ် မြေပြင်အခြေအနေနှင့်ပတ်သက်သော နောက်ဆုံးရ သတင်းအချက်အလက်များနှင့် ရှင်းလင်းပြတ်သားသည့် အကြံပြုတိုက်တွန်းချက်များကို အရပ်ဘက်လူထု အဖွဲ့အစည်းများက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သော်လည်း ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိ ထိမ်ချန်ထားခဲ့ခြင်းမှာ ၎င်းတို့၏ အစီရင်ခံစာများတွင် NUG ကို ရည်ညွှန်းပြောဆိုခဲ့ကြသည့် လူ့အခွင့်အရေး မဟာမင်းကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ် တို့အပါအဝင် အခြားသော ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်အာဏာ ပေးအပ်ခံရသူများ၏ အရေးကြီးလှသော လုပ်ဆောင်မှုများအပေါ် ထိခိုက်မှု ဖြစ်ပေါ်စေပါသည်။

ကုလသမဂ္ဂအထူးသံတမန်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် ပတ်သက်၍ NUG ကို ထည့်သွင်းဖော်ပြခြင်းမရှိဘဲ ချန်လှပ်ထားခဲ့သည်ကိုလည်း သတိပြုမိပါသည်။ ကုလသမဂ္ဂအထူးသံတမန်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသော လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာဖိုရမ်ကို တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (Ethnic Revolutionary Organization) အချို့နှင့်အတူ NUG တို့က အဆိုပြုခဲ့သည်ဖြစ်ရာ ဤကဲ့သို့ ဖယ်ထုတ်ချန်လှပ်ထားခြင်းမှာ တမင်တကာ ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားခြင်း ဖြစ်သည်ဟု မိမိတို့မှ သတ်မှတ်သည်။ ယခုကဲ့သို့ ဖယ်ထုတ် ချန်လှပ်ထားခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူဖြစ်သော ဘက်မလိုက်ရေးမူကို ချိုးဖောက်ခြင်းပင်ဖြစ်ပြီး ကျင့်ဝတ်သိက္ခာမဲ့ခြင်းနှင့် စစ်အုပ်စုကျေနပ်စေရန် ချွေးသိပ်အလိုလိုက်နေခြင်းသာ ဖြစ်သည်။

စစ်အုပ်စုသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပိတ်ဆို့ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများကို တိုက်ခိုက်ခြင်း၊ နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား လက်နက်သဖွယ် အသုံးချနေခြင်း တို့ကို ဆက်လက်လုပ်ဆောင်နေသည်။ ထိုလုပ်ဆောင်မှုများက စစ်ရာဇဝတ်မှုများနှင့် ဂျီနီဗာကွန်ဗင်းရှင်းများကို ချိုးဖောက်မှု မြောက်နိုင်သည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို စစ်အုပ်စုမှတစ်ဆင့် စီးဆင်းစေခြင်းသည် စစ်အုပ်စု၏ အကျင့်ပျက်ခြစားမှုရှိသော အစီအစဉ်ကို ပံ့ပိုးပေးခြင်း၊ စစ်အုပ်စုမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လက်နက်သဖွယ် ပို၍အသုံးပြုနိုင်စေခြင်း၊ နှင့် မြန်မာပြည်သူလူထုအပေါ် ကုစား၍ မရနိုင်သော ဆိုးကျိုးဒုက္ခများ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း မိမိတို့မှ ထပ်လောင်းပြောကြားလိုပါသည်။ ကုလသမဂ္ဂအထူးသံတမန်အနေဖြင့် ထိရောက်မှုရှိသော အကူအညီပေးပို့ရေး ကြိုးပမ်းလုပ်ဆောင်ရန်၊ ပြည်သူများနှင့်အတူ သွေးစည်းညီညွတ်မှုကို အခြေခံသည့် ချဉ်းကပ်နည်း အထူးသဖြင့် နယ်မြေခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်နေသော အစုအဖွဲ့များ၏ နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများမှတစ်ဆင့် လုပ်ဆောင်ရန် အရပ်ဘက်လူထုအဖွဲ့အစည်းများက တိုက်တွန်းတောင်းဆိုခဲ့ပြီး ဖြစ်သည်။ ဤကဲ့သို့သော တောင်းဆိုချက်များအပေါ် အလေးထားလုပ်ဆောင်ရမည် ဖြစ်သည်။

စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာဥပဒေ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုပင် ဖြစ်သည်။ ကုလသမဂ္ဂသည် ပဋိညာဉ်စာတမ်းက ပေးအပ်ထားသော ၎င်း၏လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စစ်အုပ်စုက ကျူးလွန်နေသည့် အကြမ်းဖက်မှုများမှ မြန်မာပြည်သူလူထုကို အကာအကွယ်ပေးရမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကြီးမားသောအကြပ်အတည်းကို အဓိပ္ပါယ်ရှိရှိနှင့် နှောင့်နှေးမှုမရှိ ကိုင်တွယ်ဖြေရှင်းနိုင်ရန် စစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံမှု ရပ်ဆိုင်းကာ တရားဝင်အစိုးရ NUG၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ရမည် ဖြစ်သည်။ ကုလသမဂ္ဂအထူးသံတမန်၏ ခရီးစဉ်အတွင်းတွင် “ကုလသမဂ္ဂအနေနဲ့ အရေးယူဆောင်ရွက်ဖို့ လူသေအလောင်းဘယ်နှလောင်း လိုနေသေးသလဲ” ဟူသောစာတမ်းဖြင့် မြန်မာပြည်သူများက ဆန္ဒထုတ်ဖော် မေးခွန်းထုတ်ခဲ့ကြပြီး ဖြစ်သည်။

တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုရှိလာစေရေးအတွက် မိမိတို့မှ ထပ်မံတောင်းဆိုလိုက်သည်။ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိသော စစ်အုပ်စုကို အသိအမှတ်ပြုမှု သို့မဟုတ် ထိတွေ့ဆက်ဆံမှုများ မလုပ်ဆောင်ဘဲ ရာဇဝတ်မှုဖြင့် ပြစ်ဒဏ်ပေးအရေးယူရမည် ဖြစ်သည်။

UNGA မှ ကုလသမဂ္ဂအထူးသံတမန်၏ လုပ်ပိုင်ခွင့်အာဏာကို ရုပ်သိမ်းရမည်။ ယင်းအစား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် မြန်မာပြည်သူလူထု၏ အကျိုးမျှော်ကိုးပြီး

ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာနှင့် ရပ်တည်မှုကို ပြန်လည်ပြင်ဆင်ရန်အတွက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ၎င်းကိုယ်တိုင် ခေါင်းဆောင်မှုနေရာယူ လုပ်ဆောင်ရမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် အထူးခုံရုံးတစ်ခုဖွဲ့စည်းပြီး တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေး လုပ်ဆောင်ရမည် ဖြစ်သည်။

<u>*ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်*</u>

- ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org
- နော်ဝါးခူးရှီး၊ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်၊ wahku80@gmail.com
- မူလန်၊ သွေးစွန်းငွေဖြတ်တောက်ရေး လှုပ်ရှားမှု၊ bloodmoneycampaign21@gmail.com
- Salai Za Uk Ling၊ ချင်းလူ့အခွင့်အရေးအဖွဲ့၊ zauk@chinhumanrights.org
- Debbie Stothard၊ ALTSEAN-Burma, debbie@altsean.org
- Hannah Russell၊ Myanmar Action Group Denmark, hnr@myanmaractiongroup.dk

ဤထုတ်ပြန်ကြေညာချက်ကို အမည်မဖော်ပြလိုသည့် အဖွဲ့အစည်း ၃၂၀ ဖွဲ့အပါအဝင် အဖွဲ့အစည်း စုစုပေါင်း **၈၆၄ ဖွဲ့မှ** လက်မှတ် ရေးထိုးထားပါသည်။

1. 24 Daily Network
2. 8888 Generation (New Zealand)
3. Action Against Myanmar Military Coup (Sydney)
4. Action Committee for Democracy Development
5. Action Committee of Basic Education Students (ACBES)
6. Active Youths (Kalaymyo)
7. Ah Nah podcast - Conversation with Myanmar
8. Ah. La. Ka (12) Hta Khwe, Primary Education Student Union
9. All Arakan Students and Youths' Congress
10. All Aung Myay Thar San Education Strike
11. All Burma Democratic Face in New Zealand
12. All Burma Federation of Student Unions (Monywa District)
13. All Burma Student Democratic Front - Australia Branch
14. All Religions Strike Column
15. All Young Burmese League (AYBL)
16. Alliance of Students' Union – Yangon (ASU-Yangon)
17. ALTSEAN-Burma
18. Ananda Data
19. Anti Dictatorship in Burma - DC Metropolitan Area (ADB-DCMA)
20. Anti-coup Forces Coordination Committee (ACFCC -Mandalay)
21. Anti-Junta Alliance Yangon-AJAY
22. Anti-junta Forces Coordination Committee (AFCC)
23. Anti-Myanmar Dictatorship Movement
24. Anti-Myanmar Military Dictatorship Network (AMMDN)

25. Arakan CSO Network
26. Arakan Humanitarian Coordination Team- AHCT
27. Arakan Rivers Network (ARN)
28. Asia Democracy Network
29. Asia Pacific Solidarity Coalition
30. Association of Human Rights Defenders and Promoters
31. Association of United Nationality in Japan (AUN)
32. Association Suisse-Birmanie
33. Athan - Freedom of Expression Activist Organization
34. Auckland Kachin Community NZ
35. Auckland Zomi Community (New Zealand)
36. Aung Myay Thar Zan Education Schools Strike Column
37. Aung Pin Lae Main Strike Column
38. Australia Burma Friendship Association, Northern Territory
39. Australia Karen Organization WA Inc.
40. Australia Myanmar Doctors, Nurses and Friends
41. Australia Myanmar Youth Alliance (AMYA)
42. Australian Burmese Muslim Organisation
43. Australian Chin Community (Eastern Melbourne Inc)
44. Australian Karen Organisation (AKO)
45. Ayeyarwaddy Youth Network
46. Bama Youth Network
47. Bamar Community Tasmania
48. Basic Education General Strike Committee (BEGSC)
49. Basic Education Students and Youths Association
50. Basic Education Worker Unions - Steering Committee (BEWU-SC)
51. BCC (Sagaing Region)
52. Bee_Hive Group
53. Blood Money Campaign
54. Blooming Padauk
55. Burma Action Ireland
56. Burma Campaign UK
57. Burma Human Rights Network
58. Burma Lawyers' Council (BLC)
59. Burma Refugee Saving Association (B.R.S.A)
60. Burma Task Force
61. Burman suomalaiset Finland
62. Burmese Canadian Network (BCN)
63. Burmese Community - South Australia
64. Burmese Community Development Collaboration (BCDC)
65. Burmese Community Group (Manawatu, NZ)
66. Burmese Community in France
67. Burmese Community Support Group (BCSG)
68. Burmese Friendship Association
69. Burmese Medical Association Australia (BMAA)
70. Burmese Rohingya Organisation UK
71. Burmese Rohingya Welfare Organisation New Zealand
72. Burmese Women's Union
73. Calgary Karen Community Association (CKCA)
74. Cambodian Americans and Friends for Democracy and Human Rights Advocates
75. Campaign for a New Myanmar

76. Canberra Karen Association
77. CDM Education NayPyiTaw
78. CDM Medical Network (CDMMN)
79. CDM Support Team Mandalay (CSTM)
80. Chanmyatharzi Township People's Strike
81. Chin Community - South Australia
82. Chin Community of Auckland (New Zealand)
83. Chin Community of Japan (CCJ)
84. Chin Community of Western Australia Inc.
85. Chin Community Tasmania
86. Chin Human Rights Organization
87. Chin Leaders of Tomorrow
88. Chin MATA Working Group
89. Chin Resources Center
90. Chin Youth Organization of Japan (CYO-JP)
91. Chindwin (West) Villages Women Strike
92. Citizen of Burma Award- New Zealand
93. Civil Information Network (CIN)
94. Civil Society Organizations Coordination Committee (Monywa)
95. Coalition Strike Committee – Dawei
96. Colorful Spring (ရောင်စုံနွေဦး)
97. Cooperative University Student Strike Column
98. CRPH and NUG Supporters Ireland
99. CRPH Funding Ireland
100. CRPH Support Group, Norway
101. CRPH, NUG Support Team Germany-Deutschland
102. CRPH/NUG Support Group Australia
103. Daung Sit Thi
104. Daung Sitthe Strike
105. Dawei (Ashaetaw) Women Strike
106. Dawei Youths in Japan (DYJ)
107. Dawei Youths Revolutionary Movement Strike Committee
108. DEEKU-Karenni Community of Amarillo, TX
109. Democracy for Myanmar - Working Group (NZ)
110. Democracy, Peace and Women’s Organization
111. Democratic Youth Council
112. Depayin Township Revolution Steering Committee
113. Depayin Women Strike
114. Dhanu Youth Organization
115. Digital Rights Collective
116. Doh Atu - Ensemble pour le Myanmar (France)
117. Dragon Dawn
118. Edmonton Karen Community Youth Organization
119. Education Family (Anti - Fascists Education Strike Columns Coordination Committee)
120. Educational Initiatives Prague
121. Equality Myanmar
122. Ethnic Youth General Strike Committee (Mandalay)
123. Falam Community - South Australia
124. Federal FM Mandalay
125. Federal Myanmar Benevolence Group (New Zealand)
126. Federation of Worker’s Union of Burmese Citizens in Japan (FWUBC)

127. Fight For The End Support Team
128. Former Political Prisoners and New Generation Group – Monywa
129. Foundation of Khmer Samaki, USA
130. Free Burma Campaign (South Africa) (FBC(SA)
131. Free Rohingya Coalition
132. Freedom for Burma
133. Future Lights Center
134. Future Thanlwin
135. Gangaw Women Strike
136. General Strike Collaboration Committee (GSCC)
137. General Strike Committee – GSC
138. General Strike Committee of Basic and Higher Education
139. General Strike Committee of Nationalities (GSCN)
140. Generation Wave
141. GenY For Revolution Japan
142. Global Movement for Myanmar Democracy
143. Global Myanmar Spring Revolution - Japan
144. Golden Dream Organization (ရွှေရောင်အိပ်မက် အဖွဲ့)
145. Grass-root People
146. Hope For Youth -Kyushu Japan
147. HTY Scout Channel
148. Human Rights Foundation of Monland
149. IFI Watch Myanmar
150. IN ARR car service
151. India For Myanmar
152. Industrial Training Centre (ITC) Family Sydney
153. Industries Strike
154. Information & Scout News (Hlaing)
155. Initiatives for International Dialogue
156. Insein Scout Channel
157. Inter Pares
158. Interfaith Youth Coalition on Aids in Myanmar (IYCA-Myanmar)
159. International Association, Myanmar-Switzerland (IAMS)
160. International Campaign for the Rohingya
161. International Karen Organisation
162. International Society of Myanmar Scholars and Professionals (Japan)
163. Japan Myanmar Future Creative Association (JMFCA)
164. Japan Myanmar Help Network - JMHN
165. Joint Action Committee for Democracy in Burma (JACDB)
166. Justice 4 Myanmar - Hope & Development
167. Justice For Myanmar
168. Justice Movement For Community-Innlay
169. Kachin Affairs Organization -Japan (KAO (Japan)
170. Kachin Association of Australia WA Inc.
171. Kachin Human Rights Watch
172. Kachin Student Union
173. Kachin Women's Association Thailand
174. Kalay Township Strike Force
175. Kalay Women Strike
176. Kamayut Scout Channel
177. Kansai Group Japan

178. Kansas Karenni Community, KS
179. Karen American Association of Wisconsin, Milwaukee, WI
180. Karen Association of Huron, SD
181. Karen Community - South Australia
182. Karen Community in Syracuse, NY
183. Karen Community of Akron, OH
184. Karen Community of Canada (KCC)
185. Karen Community of Czech Republic
186. Karen Community of Finland
187. Karen Community of Hamilton
188. Karen Community of Iowa, IA
189. Karen Community of Ireland
190. Karen Community of Israel
191. Karen Community of Kansas City, KS & MO
192. Karen Community of Kitchener & Waterloo
193. Karen Community of Leamington K
194. Karen Community of Lethbridge
195. Karen Community of London
196. Karen Community of Minnesota, MN
197. Karen Community of Ottawa
198. Karen Community of Regina
199. Karen Community of Rochester, Rochester, NY
200. Karen Community of Saskatoon
201. Karen Community of Thunderbay
202. Karen Community of Toronto
203. Karen Community of Windsor
204. Karen Community of Winnipeg
205. Karen Community Society of British Columbia (KCSBC)
206. Karen Human Rights Group
207. Karen National League Japan-KNL
208. Karen Organization of America
209. Karen Organization of Illinois, IL
210. Karen Peace Support Network
211. Karen Swedish Community
212. Karen Thai Group
213. Karen Youth Education Pathways
214. Karen Youth Networks
215. Karen Youth of Norway
216. Karen Youth of Toronto
217. Karen Youth Organization
218. Karenni Civil Society Network
219. Karenni Community of Arizona, AZ
220. Karenni Community of Arkensas, AK
221. Karenni Community of Austin, TX
222. Karenni Community of Bowling Green, KY
223. Karenni Community of Buffalo, NY
224. Karenni Community of Chicago, IL
225. Karenni Community of Colorado, CO
226. Karenni Community of Dallas, TX
227. Karenni Community of Des Moines, IA
228. Karenni Community of Florida, FL

229. Karenni Community of Fort Worth, TX
230. Karenni Community of Georgia, GA
231. Karenni Community of Houston, TX
232. Karenni Community of Idaho, ID
233. Karenni Community of Indianapolis, IN
234. Karenni Community of Massachusetts, MA
235. Karenni Community of Michigan, MI
236. Karenni Community of Minnesota, MN
237. Karenni Community of Missouri, MO
238. Karenni Community of North Carolina, NC
239. Karenni Community of Portland, OR
240. Karenni Community of Rockford, IL
241. Karenni Community of San Antonio, TX
242. Karenni Community of Sioux Falls, SD
243. Karenni Community of Utah, UT
244. Karenni Community of Utica, NY
245. Karenni Community of Washington, WA
246. Karenni Community of Western Australia Inc.
247. Karenni Community of Wisconsin, WI
248. Karenni Federation of Australia
249. Karenni National Society (KNS) Japan
250. Karenni Society Finland
251. Karenni Society New Zealand
252. Karenni Society of Omaha, NE
253. Karenni-American Association
254. Kawyaw National Youth Organization (KyNYO)
255. Kayan Internally Displacement Supervising Committee (KIDSC)
256. Kayan Women’s Organization
257. Kayin Community Tasmania
258. Keng Tung Youth
259. KnowUsMoreMyanmar (KUM)
260. Kobe Myanmar Community (KMC)
261. Korea Karen Organization
262. Korea Karen Youth Organization
263. Korean Civil Society in Support of Democracy in Myanmar (106 CSOs Coalition)
264. Kyaikhto Basic Education Students' Union-KBESU
265. Kyain Seikgyi Spring Revolution Leading Committee
266. Kyaukse University Students' Union
267. Kyauktada Strike Committee (KSC)
268. Kyimyindaing Scout Channel
269. La Communauté Birmane de France
270. Lanmadaw, Latha & Pabedan Scout Channel
271. Land In Our Hands
272. Latpadaung Region Strike Committee
273. League For Democracy in Burma (L.D.B Japan)
274. Let’s Help Each Other
275. LGBT Alliance Myanmar
276. LGBT Alliance Myanmar (Kalay Region)
277. LGBT Alliance Myanmar (Kyaukse Region)
278. LGBT Community Yangon
279. LGBT Union Mandalay (LGBTIQ Strike of Mandalay)

280. Literary Lovers Group
281. Los Angeles Myanmar Movement (LA2M)
282. Magway People's Revolution Committee
283. Maha Aung Myay Township People Collective Strike Column
284. Maharaungmyay Township People's Strike
285. Mandalar University Students' Strike
286. Mandalay Alliance Strike Collective Column
287. Mandalay Based People Strike Column
288. Mandalay Civil Society Organizations
289. Mandalay Engineer Group (MEG)
290. Mandalay Engineer United Force
291. Mandalay Medical Family (MFM)
292. Mandalay Regional Youth Association
293. Mandalay Strike Force (MSF)
294. Mandalay University Student Alumni Union
295. Mandalay Wholesale Strike Column
296. Mandalay Women Strike
297. Mandalay Youth Strike
298. Mandalay-based People's Strike
299. Mandalay-Based University Students’ Unions
300. MASBO-Myanmar Active Students & Businesspeople Organization
301. MATA (Sagaing Region)
302. Matu Chin Community - South Australia
303. Mawlamyine Township Basic Education Students' Union (MLMTBESU)
304. Mayangone News
305. Me Boun Foundation
306. Medical Family - Mandalay
307. Metta Campaign Mandalay
308. MIIT Student Strike Column
309. MilkTea Alliance Calender Team
310. MilkTeaAlliance (Friends of Myanmar)
311. Mindanao Peacebuilding Institute Foundation, Inc
312. Mindat Chin Community NSW
313. Mindat Community - South Australia
314. Minority Affairs Institute - MAI (Myanmar)
315. Mizo Community - South Australia
316. Mon Families Group
317. Mon National Council (MNC)
318. Mon Youth For Federal Democracy (MYFD)
319. Monywa LGBT Strike
320. Monywa People's Strike Steering Committee
321. Monywa Women Strike
322. Monywa-Amyint Road Strike Leading Committee
323. Monywa-Amyint Road Women Strike
324. Multi-Religions Strike
325. Muslim Youth Network
326. Muslim Youth Union
327. Mya Taung Strike
328. Myanmar Accountability Project
329. Myanmar Action Group Denmark
330. Myanmar Alliance for Transparency and Accountability

331. Myanmar Buddhist Community of South Australia
332. Myanmar Community Coffs Harbour (MCC)
333. Myanmar Democracy and Peace Committee (Australia)
334. Myanmar Democratic Force in Denmark
335. Myanmar Democratic Movement (MDM)
336. Myanmar Development Support Group (MDSG)
337. Myanmar Diaspora Group Finland
338. Myanmar Engineering Association of Australia (MEAA)
339. Myanmar Engineers - New Zealand
340. Myanmar Global Support Foundation (Japan)
341. Myanmar Gonye (New Zealand)
342. Myanmar Institute of Information Technology Students' Strike
343. Myanmar Labor Alliance (MLA)
344. Myanmar Nationalities' Support Organization – JP (MNSO)
345. Myanmar People Alliance (Shan State)
346. Myanmar People Residing in Canberra
347. Myanmar Professionals Association Australia (MPAA)
348. Myanmar Railway, Region (3) CDM Strike Column
349. Myanmar Seafarer Group
350. Myanmar Spring Revolution Japan (MSRJ)
351. Myanmar Students' Association Australia (MSAA)
352. Myanmar Students' Union in New Zealand
353. Myanmar Tozan Club (MTC)
354. Myanmar Youth and Student Association, Japan (MYSA)
355. Myanmar's Youth Association Hokkaido (MYAH)
356. Myaung Education Network
357. Myaung Medical Team
358. Myingyan Civilian Movement Committee
359. Nation Youth Organization
360. National League for Democracy (Monywa Township)
361. National Support Team
362. National Youth League for Politics and Leadership
363. Network for Advocacy
364. Network for Human Rights Documentation Burma (ND-Burma)
365. Network of University Student Unions - Monywa
366. New Zealand Doctors for NUG
367. New Zealand Karen Association
368. New Zealand Zo Community Inc.
369. NLD Solidarity Association (Australia)
370. No 7 State High School Alumni Strike Column
371. No Business With Genocide
372. No.12 Basic Education Branch High School (Maharaungmyay) Students' Union
373. NOK Information & Scout Echo
374. North Dagon & East Dagon News
375. Northern Star
376. NRFF - New Rehmonnya Federated Force
377. NSW Karenni (Kayah) Communities
378. Nyan Lynn Thit Analytica
379. OCTOPUS (Youth Organization)
380. Okinawa Myanmar Association (OMA)
381. Olive Organization

382. One Day Challenge (Korea)
383. Oversea Karen Organization Japan
384. Overseas Mon Association. New Zealand
385. Palaung National Society Japan, PNS-Japan
386. Palaw Supporting Group Japan
387. Pale Township People's Strike Steering Committee
388. Pan Pa Wash People Strike Column
389. Patriotic War Vetrans of Burma (PWVB)
390. People’s Hope Spring Revolution (PHSR)
391. People's Embrace (ပြည်သူ့ရင်ခွင်)
392. People's Hope Spring Revolution (Japan)
393. Phayagye Peace Strike Column
394. Political Resources Music Generated
395. Private Pre-school Teachers Association
396. Progressive Voice
397. Punnyakari Mon National Society Japan, PMNS-Japan
398. Pyigyidagon Strike
399. Pyithu Gonye (New Zealand)
400. Queenagers
401. Queensland Kachin Community (QKC)
402. Queensland Myanmar Youth Collective (QMYC)
403. Queensland Rohingya Community
404. Rainbow Fundraising
405. Representative Committee of University Teacher Associations
406. Representing the Arrested People
407. Revolution Tokyo Myanmar (RTM)
408. Rohingya Action Ireland
409. Rohingya Welfare Organization New Zealand
410. Rvwang Community Association New Zealand
411. S.E.T (Spring Embrace Team)
412. Samgha Sammaga-Mandalay Strike
413. Save and Care Organization for Ethnic Women at Border Areas
414. SAVE MYANMAR - USA
415. Save Myanmar Fundraising Group (New Zealand)
416. Second Tap Root
417. Sein Pan Strike
418. Shan Community (New Zealand)
419. Shan Community in Japan (SCJ)
420. Shan MATA
421. ShizuYouth For Myanmar
422. Shwe Pyi Thar News
423. Shwe Youth Democratic Alliance (SYDA)
424. Sisters 2 Sisters
425. Sitt Nyein Pann Foundation
426. Social Garden
427. Sone See Yar (Volunteer Group)
428. SOS MYANMAR (ရုန်းကန်သံအဖွဲ့)
429. South Dagon Scouting Infos (SDG)
430. Southern Dragon Myanmar
431. Southern Youth Development Organization

432. Spring Revolution Interfaith Network-SRIN
433. Spring Revolution Myanmar Muslim Network (SRMMN)
434. Spring Revolution Restaurant
435. Strike Column of Representatives of Arbitrarily Arrested People
436. Strike Column of Teachers from Universities and Degree Colleges of Mandalay
437. Student Youth Congress of Burma
438. Students for Free Burma (SFB)
439. Support group for Democracy in Myanmar (The Netherlands)
440. Support the Democracy Movement in Burma
441. Supporting 4 Myanmar
442. Swedish Myanmar Supporting Community
443. Sydney Friends for Myanmar Unity
444. Synergy-Social Harmony Organization
445. Ta'ang Women's Organization
446. Taekwando Sport Association
447. Tai Youths Network Japan (TYNJ)
448. Tamwe Nway Oo Channel
449. Tanintharyi MATA
450. Tanitharyi Women's Network
451. Taze Women Strike
452. Tenasserim Student Unions'Network - TSUN
453. Thai Action Committee for Democracy in Burma (TACDB)
454. Thaketa & Dawbon Scout Channel
455. Thakhin Kodaw Mhine Peace Network (Monywa)
456. Thanlyin Information & Scout channel
457. Thapaynyo News Letter
458. Thayat Chaung Women Strike
459. The 88 Generation Peace and Open Society (Monywa)
460. The Rohingya American Society
461. Thint Myat Lo Thu Myar Organization
462. Try Together At Japan (TTAJ)
463. Twitter Team for Revolution
464. U.S. Campaign for Burma
465. UAE ရောက် မြန်မာများအဖွဲ့
466. Union of Myanmar Citizen Association - Japan
467. Unitarian Universalist Service Committee
468. United Myanmar Community of South Australia
469. University Students' Unions Alumni Force
470. US Advocacy Coalition for Myanmar (USACM)
471. Victorian Burmese Care Community (VBCC)
472. Victorian Myanmar Youth (VMY)
473. Voice For Justice
474. We Are One Saga MOSA
475. We for All
476. We Pledge CDM (Australia)
477. We Support
478. Western Australia Myanmar Community (WAMC)
479. Western Australia Myanmar Democratic Network (WAMDN)
480. Wetlet Revolution Leading Committee
481. Wetlet Township Women Strike
482. White Coat Society Yangon (WCSY)

483. Women Activists Myanmar (WAM)
484. Women Advocacy Coalition - Myanmar
485. Women Alliance Burma (WAB)
486. Women's League of Burma
487. Women's Peace Network
488. Yadanabon University Students' Union
489. Yangon Deaf Association
490. Yangon Region Scout Forces - YRSE
491. Yangon Revolution Force - YRF (Soft Strike Community)
492. Yangon Women Strike
493. Yaw Funding Japan
494. Yenanchaung University Student's Union
495. YG Network
496. YGN_INFO_Alliance
497. Yinmarpin and Salingyi All Villages Strike Committee
498. Yokohama Pamphlet Campaign - Myanmar
499. Youths for Community (Myaung)
500. Youth Scout For Democracy (YSD)
501. Youths Union – Centre
502. Youths Union – Pathein
503. Z Fighter News
504. Zeegwat News
505. Zo Community - South Australia
506. Zomi Association Australia Inc.
507. Zomi Community - South Australia
508. Zomi Community Queensland
509. ကလေးမြို့ပြင်မသပိတ်အင်အားစု
510. ခေတ်သစ်နိုင်ငံရေး ဘောဂဗေဒ လေ့လာရေး ကျောင်းတော်သားစု
511. ဂျပန်ပြည်မှတွဲလက်များ
512. ငြိမ်းချမ်းလှုပ ပြည်သူ့ဘဝ (မလေးရှား)
513. ထားဝယ်မြို့နယ်အရှေ့တောသပိတ်ကော်မတီ
514. ဒယ်ဂျွန်းမြန်မာဒီမိုကရေစီ ငြိမ်းချမ်းရေးအဖွဲ့ (Korea)
515. နွေဦးရဲ့တွဲလက်များ
516. ပညာနန်းတော်ကိုယ်ပိုင်ကျောင်း ကျောင်းသားများသမဂ္ဂ (သီးခြားအကသ)
517. ပွင့်ဖြူလယ်ယာမြေကွန်ရက်
518. ပအိုဝ်းလူငယ် ပါရမီဖြည့်ဖက်အသင်း (Malaysia)
519. မကွေးလူထုတိုက်ပွဲကော်မတီ
520. မျိုးဆက်-Generations
521. ယင်းမာပင်-ဆားလင်းကြီး ကျေးရွာပေါင်းစုံ လူထုသပိတ်ဦးဆောင်ကော်မတီ
522. ရွှေရေးပန်းချီ
523. ရှင်သန်ခြင်း (တော်လှန်အင်အားစု)
524. လရိပ်ပြာ ပရဟိတ စကၠာပူ
525. သံဃသမဂ္ဂ မန္တလေး

526. သီပေါမြို့နယ် ပညာရေးဘုတ်အဖွဲ့
527. အခြေခံပညာကျောင်းသားလူငယ်များအစည်းအရုံး(အကလ-ဗဟို)
528. အထက်အညာလွင်ပြင်ရပ်ဝန်း
529. အသောကသုခ (ကိုရီးယား)
530. ဆရာများသမဂ္ဂ (ကလေးတက္ကသိုလ်)
531. မုံရွာလူထု သပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီ
532. ဒီပဲယင်းမြို့နယ်လူထုသပိတ် ဦးဆောင်ကော်မတီ
533. အရာတော်မြို့နယ်မြို့နယ် လူထုသပိတ်ဦးဆောင်ကော်မတီ
534. ပုလဲမြို့နယ်လူထုသပိတ်ဦးဆောင်ကော်မတီ
535. မုံရွာ-အမြင့်လမ်း လူထုသပိတ်ဦးဆောင်ကော်မတီ
536. သွေးမအေးတဲ့ရွှေနွယ်သွေး သပိတ်ဦးဆောင်ကော်မတီ
537. အောင်လံလွှင့်မည် ရွှေရေကြည် သပိတ်ဦးဆောင်ကော်မတီ
538. တော်လှန်စုပေါင်း ရွှေစုန်းချောင်း သပိတ်ဦးဆောင်ကော်မတီ
539. မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
540. ကယ်တင်ရှင်မရှာ ဒိုကျေးရွာ သပိတ်ဦးဆောင်ကော်မတီ
541. လက်ပံတောင်းတောင်ဒေသ အာဏာရှင်ဆန့်ကျင်ရေး သပိတ်အင်အားစု
542. ယင်းမာပင်-ဆားလင်းကြီး ကျေးရွာပေါင်းစုံ လူထုသပိတ်ဦးဆောင်ကော်မတီ
543. ချင်းတွင်းမြစ်အနောက်ဖက်ကမ်းသပိတ်စစ်ကြောင်း
544. 一般社団法人 ミャンマーグローバル支援財団 (MGSF)